# စစ်ကိုင်းတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ

( ၂၀၁၂ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၂။ )

၁၃၇၄ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၁၂ ခုနှစ်၊ အောက်တိုဘာ လ ၉ ရက်)

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ**ဟု ခေါ်တွင်စေ ရမည်၊

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး တစ်ဝန်းလုံးတွင် အာဏာသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **တိုင်းဒေသကြီးအစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီးကို ဆိုသည်၊

(ဃ) **တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး** ဆိုသည်မှာ တိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ဌာနအကြီးအကဲကို ဆိုသည်၊

(င) **ယစ်မျိုးခွန်** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း တည်ဆဲဥပဒေ တစ်ရပ်ရပ် အရသော်လည်းကောင်း၊ အရက်ပျံပါသည့် အရက်များ သို့မဟုတ် ယစ်မူးစေတတ်သော အရာများနှင့် စပ်လျဉ်းပြီး စီမံခန့်ခွဲသည့် သို့မဟုတ် အမိန့်ချမှတ်သည့် အခွန်၊ အကောက်၊ အခ၊ လျော်ကြေး၊ ပြစ်ဒဏ် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် ပစ္စည်းတစ်စုံတစ်ရာမှ ရရှိသည့် သို့မဟုတ် ရထိုက်သည့် အခွန်ကို ဆိုသည်။ သို့သော် ထိုစကားရပ်တွင် သက်ဆိုင်ရာ တရားရုံးက ချမှတ်သည့် ငွေဒဏ် မပါဝင်၊

(စ) **ယစ်မျိုးသက်ဝင်ပစ္စည်း (Excisablearticle)** ဆိုသည်မှာ ဤဥပဒေ အရသော်လည်းကောင်း တည်ဆဲဥပဒေ တစ်ရပ်ရပ်အရသော် လည်းကောင်း၊ အရက်ပျံပါသည့် ပြည်တွင်းချက် အရက်များနှင့် နိုင်ငံခြားဖြစ် အရက်များ အပါအဝင် ယစ်မူးစေတက်သော အရာများပါ တစ်စုံ တစ်ရာကို ဆိုသည်၊

(ဆ) **ယစ်မျိုးဝင်ကုန်ပစ္စည်း (Excisable goods)** ဆိုသည်မှာ ပေးဆောင်ရသည့် ယစ်မျိုးခွန်နှင့်စပ်လျဉ်းပြီး ပြည်တွင်းပြည်ပမှ ထုတ်လုပ်သည့် အရက်ပျံပါ ချက်အရက်များ၊ နိုင်ငံခြားအရက်များ၊ ဘီယာများ၊ သောက်ပျော်သည့်အရက်၊ မူလသတ္တိပျက်ပြီးအရက် စသည်ဖြင့် သတ်မှတ်ထားသည့် ကုန်ပစ္စည်းကို ဆိုသည်၊

(ဇ) **အရက်(Alcoholic Liquor)** ဆိုသည်မှာ ပမာဏအားဖြင့် (Alcoholic Liquor) ၂ % ထက်ပို၍ ပါဝင်သော အရည်များကို ခေါ်သည်။ ၎င်းတို့တွင် ထန်းရည်နှင့် ဤဥပဒေအရ အရက် (Alcoholic Liquor) ဖြစ်ကြောင်း မြန်မာနိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသော အရာများလည်း ပါဝင်သည်၊

(ဈ) **ဘီယာ(Ale.Stout.Porter)** ဆိုသည်မှာ ဤဥပဒေအရသော် လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း (Ale.Stout.Porter)နှင့် မုယော စပါးကို ကစော်ဖောက်၍ ပြုလုပ်လေ့ရှိသော အရက်ပျံပါဝင်သည့် အခြားအရက်များ အပါအဝင် မြန်မာနိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာထုတ်ပြန်၍ ဘီယာဟု သတ်မှတ်ထားသော အရာများကို ဆိုသည်၊

(ည) **ပြည်တွင်းဖိုထွက်ချက်အရက် (Country Spirit)** ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက်ပျံ ပါဝင်သော မည်သည့်အရက် တစ်စုံတစ်ရာကိုမဆို ဆိုသည်၊

(ဋ) **ထန်းရည်(Tari)** ဆိုသည်မှာ ကစော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည် ဖြစ်စေ၊ ထန်း၊ ဓနိအုန်း၊ ပေ စသည့် အပင်အမျိုးမျိုးမှ ထွက်သော အရည်ကို ဆိုသည်၊

(ဌ) **တည်အရက်(Fermenter Liquor)** ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပျံ ပါဝင်သည့် အရက်ကို ဆိုသည်၊ (လျှော်ဇာရည်၊ ခေါင်ရည် စသည်များ)

(ဍ) **သောက်ပျော်သောအရက် (Potable Ancoholic Liquor)** ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက် အရက်မှ တစ်ပါး အရက်ပျံပါဝင်သည့် အရက်တစ်မျိုးမျိုးကို ဆိုသည်၊

(ဎ) **မူလသတ္တိပျက်ပြီး (Denatured)** ဆိုသည်မှာ ယစ်မျိုးအက်ဉပဒေအရ သတ်မှတ် သည့် နည်းလမ်းများနှင့်အညီ လူတို့သောက်သုံးရန် မသင့်အောင်ပြုပြင်ပြီးသည်ကို ဆိုသည်၊

(ဏ) **ချက်လုပ်ခြင်း**ဆိုသည့် စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) သဘာဝအားဖြင့် ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ယစ်မျိုးသက်ဝင်ရာ တစ်စုံတစ်ရာကို ထွက်ရှိစေရန် ပြုလုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းတို့ ပါဝင်သည်၊

(၂) ပြန်၍ ပေါင်းခံခြင်း (Redistillation)၊

(၃) အရက်ပြန် ပါဝင်သည့် အရက်ကို ပြုပြင်ခြင်း၊ အနံ့အရသာ ထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(တ) **လက်လီ သို့မဟုတ် လက်ကားရောင်းချမှု (Retail and Whole sale)** ဆိုသည်မှာ ဤဉပဒေနှင့် ဤဉပဒေအရ ပြုသည့် နည်းဉပဒေများ အရ ထုတ်ပြန် သည့် အမိန့်ကြော်ငြာစာများနှင့်အညီ အချင်၊ အတွယ်၊ အတိုင်း ရောင်းချခြင်းကို ဆိုသည်၊

(ထ) **လိုင်စင်** ဆိုသည်မှာ ဤဉပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။ လိုင်စင်သက်တမ်းကို ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဉပဒေရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရက်သေစာသောက်စားသည့် အလေ့အထပြန့်ပွားခြင်းကို အားပေးခြင်း မရှိစေရန်၊

(ခ) သေရည်သေရက် ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင် ထုတ်လုပ်မှု ရောင်းချမှု မရှိစေရန်၊

(ဂ) မူးယစ်စေသော သေရည်သေရက်ရောင်းချခြင်းမှ အခွန်ငွေရရှိစေရန် အလို့ငှာသာ မဟုတ်ဘဲ သောက်စားသုံးစွဲခြင်း လျော့နည်းစေရန်နှင့် သေရည်သေရက် ရောင်းချ ခြင်းကို အခွန်ကောက်ခံသည်ဟု စွဲမြဲမှတ်ယူ စေရန်၊

(ဃ) တိုင်းဒေသကြီးအတွင်း ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့် အညီ ရရှိစေရန်။

## အခန်း(၃)
## ယစ်မျိုးခွန် နှုန်းထားများ သတ်မှတ်ခြင်း

၄။ တိုင်းဒေသကြီး ယစ်မျိုးခွန် ကောက်ခံရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရသည် ဘဏ္ဍာရေးနှစ်အလိုက် ကောက်ခံရမည့် ယစ်မျိုးခွန်နှုန်းထားများကို တစ်နှစ်တစ်ကြိမ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ရမည်။

၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေး ငွေကျပ် ၅၀၀,၀၀၀ အထိ ဖြစ်ပါက လိုင်စင်ချထားပေးသည့် အချိန်တွင် ကျသင့်သောငွေကို တစ်ကြိမ်တည်း အပြေအကျေ ပေးသွင်းရမည်။

၆။ လိုင်စင်ရရှိသူသည် လိုင်စင် ငွေကျပ် ၅၀၀,၀၀၀ အထက်မှ ငွေကျပ် ၃,၀၀၀,၀၀၀ အထိ ဖြစ်ပါက လိုင်စင်ချထားသည့်အချိန်တွင် ကျသင့်ငွေ၏ တစ်ဝက်ကို တစ်ကြိမ်တည်း ပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း အပြေအကျေ ပေးသွင်းရမည်။

၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေး ငွေကျပ် ၃,၀၀၀,၀၀၀ အထက် ဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏ သုံးပုံတစ်ပုံကို တစ်ကြိမ်တည်း ပေးသွင်းရမည်။ ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေ ပေးသွင်းရမည်။

၈။ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုးခွန်များကို အပြေအကျေပေးသွင်းပြီးမှသာ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည် အပ်နှံခွင့်ပြုမည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန်အပြည့်အဝ ကောက်ခံရရှိနိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်အရ လိုအပ်သော ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

## အခန်း(၄)
## အထွေထွေ

၁၀။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်အရ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ရမည်။

၁၁။ ဤဥပဒေအရ ပေးရန်ရှိသော ယစ်မျိုးခွန် ငွေကြေးအားလုံးကို ပေးဆောင်ရန် ပျက်ကွက်လျှင် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၁၂။ ဤဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်-

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို အစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်၊

( ခ ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့